# NEWSLETTER

MYANMAR GARMENT MANUFACTURERS ASSOCIATION

MGMA NEWSLETTER September 2018


NEWS

## အထည်ချုပ် နည်းပညာ ဆရာဖြစ်သင်တန်း ဖွင့်ပွဲကျင်းပ

အထည်ချုပ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးနိုင်ရေးတို့အတွက် အရေးတကြီး လိုအပ်လျှက်ရှိသော အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများကို ကျယ်ပြန့်ထိရောက်စွာ ဖွင့်လှစ်ပို့ချနိုင်ရန်အတွက် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) သည် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့် ရေးဦးစီးဌာန နှင့် ပူးပေါင်း၍ Public Private Partnership (PPP) အသွင်ဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းဝင်းအတွင်းရှိ ဒက္ခိဏကျောင်းဆောင် ပထမထပ်တွင် အထည်ချုပ်နည်းပညာ ဆရာဖြစ်သင်တန်းကို ဖွင့်လှစ်ပို့ချလျှက်ရှိသည်။ MGMA ၏ သင်တန်းကျောင်းတစ်ခုဖြစ်သော မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်း လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) မှ သင်တန်းနည်းပြ (၆) ဦးနှင့် ပညာရေး ဝန်ကြီးဌာနမှ သင်တန်းနည်းပြ (၁၅) ဦးတို့အား Sri Lanka, Buildtek Consultancy မှ ဆရာ (၃) ဦးက သင်ကြား ပို့ချပေးသည့် ထိုသင်တန်းဖွင့်ပွဲကို ၂၀၁၈-၀၉-၁၇ တွင် အဆိုပါ ဒက္ခိဏကျောင်းဆောင် ပထမထပ်တွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ချို၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဒုဥက္ကဌ ဦးသောင်းတင်၊ MGMA ဥက္ကဌ ဦးမြင့်စိုး၊ MGHRDC ဥက္ကဌ ဒေါ်ခိုင်ခိုင်နွယ်၊ နှင့် MGMA ဒုဥက္ကဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ မြန်မာနိုင်ငံ တရုတ် အထည်ချုပ် လုပ်ငန်း ရှင်များအသင်း ဥက္ကဌ၊ မြန်မာနိုင်ငံ ကိုရီးယား အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဌ နှင့် ILO ကိုယ်စား လှယ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီးများမှ အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်း ဥက္ကဌ က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ထို့နောက် MGHRDC ဥက္ကဌ ဒေါ်ခိုင်ခိုင်နွယ် မှ လေ့ကျင့် သင်ကြားရေးနှင့် အလုပ်အကိုင် ချိတ်ဆက်မှုများအကြောင်း ရှင်းလင်းတင်ပြခဲ့သည်။













အထည်ချုပ်နည်းပညာ ဆရာဖြစ်သင်တန်း ဖွင့်ပွဲ


အထည်ချုပ်နည်းပညာ ဆရာဖြစ်သင်တန်း ဖွင့်ပွဲ

## MGHRDC အပ်ချုပ်စက်များ ဝယ်ယူရန် အလှူငွေများ ကောက်ခံရရှိ

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း သည် အင်းစိန်မြို့နယ်တွင် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (Myanmar Garment Human Resource Development Center - MGHRDC) သင်တန်းကျောင်းကို တည်ထောင်၍ အခြေခံ စက်ချုပ်သင်တန်းများ၊ Supervisor သင်တန်းများ နှင့် အခြား သင်တန်းများ ပို့ချပေးလျှက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း သည် ပညာရေး ဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန နှင့် ပူးပေါင်း၍ Public Private Partnership (PPP) အသွင်ဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းဝန်းအတွင်းရှိ ဒက္ခိဏကျောင်းဆောင် ပထမထပ်တွင်လည်း အထည်ချုပ်နည်းပညာ ဆရာဖြစ်သင်တန်းကို ဖွင့်လှစ်ပို့ချပေးလျှက်ရှိပါသည်။ ထိုသင်တန်းများတွင် အသုံးပြုမည့် အပ်ချုပ်စက်များ ဝယ်ယူရန် ၂၀၁၈-၀၉-၀၄ ရက်နေ့တွင် အသင်းဝင်စက်ရုံများထံ အလှူငွေကောက်ခံခဲ့ရာ အောက်ပါဇယားအတိုင်း အလှူငွေများ ကောက်ခံရရှိခဲ့ပါသည်။

| Sr. | Donor's Name | Amount in MMK | Amount in USD |
|---|---|---|---|
| 1. | Shwe Sakar Co., Ltd. | 5,000,000 | |
| 2. | Maple Trading Co., Ltd. | 1,000,000 | |
| 3. | Korea Garment Association in Myanmar | | 2,500 |
| 4. | Chinese Textile & Garment Association in Myanmar | 3,000,000 | |
| 5. | CHK Garment Co., Ltd. | 50,000 | |

PRIORITY

## ILO ၏ Decent Work Country Program အား လက်မှတ်ရေးထိုး

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူဖြစ်စေရန်ဟု ဖော်ပြလျှက် မြန်မာနိုင်ငံတွင် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဌာနေ အစီအစဉ် (၂၀၁၈-၂၀၂၁) (Decent Work Country Program, 2018-2021) ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) တို့အကြား နားလည်မှုစာချွန်လွှာ (MoU) ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ နေပြည်တော်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အစီအစဉ်ကို အကောင်

အထည်ဖော် ဆောင်ရွက်မည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ သံရုံးများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဌာနေ အစီအစဉ် (၂၀၁၈-၂၀၂၁) (Decent Work Country Program, 2018-2021) သည် ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် (Sustainable Development Goals - SDG) များဖြင့် ချိတ်ဆက်ရေးဆွဲထားသော အစီအစဉ်ဖြစ်ပြီး ILO ၏ ပင်မ ပရောဂျက်တစ်ခုဖြစ်လာမည် ဖြစ်သည်။ ILO-GIP နှင့် Vision Zero Fund ကဲ့သို့သော ပရောဂျက်များမှာ Decent Work Country Program အောက် ရောက်ရှိသွားမည်ဖြစ်သည်။ Freedom of Association, Collective Bargaining Agreement (CBA) နှင့် Living Wage တို့ကို ဦးစားပေးဆောင်ရွက်မည့် အခြားအစီအစဉ်များလည်း ပါဝင်လာလိမ့်မည်ဟု မျှော်လင့်ရပါသည်။

# သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်ဌာနေအစီအစဉ် (၂၀၁၈-၂၀၂၁) အကောင်အထည်ဖော်ဆောင်ရွက်ရန် MoU လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးကို အထောက်အကူပြုနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဌာနေ အစီအစဉ် (၂၀၁၈-၂၀၂၁) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။** (အောက်ပုံ)

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဌာနေအစီအစဉ်ကို ပဋိပက္ခဖြစ်ပွားနေသော၊ ဖြစ်ပွားခဲ့သော ဒေသများနှင့် ဘေးအန္တရာယ်သင့်ခဲ့သော ဒေသများရှိ ထိခိုက်လွယ်သောပြည်သူတို့အပါအဝင် လူတိုင်းသင့်လျော်ကောင်းမွန်သော အလုပ်အကိုင်နှင့် စဉ်ဆက်မပြတ် စွန့်ဦးတီထွင် စီးပွားရေး လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းအုပ်ချုပ်မှုဖြင့် လုပ်ငန်းခွင် အခြေခံစည်းမျဉ်းများနှင့် အခွင့်အရေးများအား လိုက်နာကျင့်သုံးမှုကို အားကောင်းလာစေရန်နှင့် အားလုံးအတွက် အထူးသဖြင့် ထိခိုက်လွယ်သော အလုပ်သမားများနှင့် ပြည်သူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး လွှမ်းခြုံမှုတိုးချဲ့နိုင်ရန် စသည့်ဦးစားပေးနယ်ပယ်သုံးရပ်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်ပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများနှင့် အနီးစပ်ဆုံးချိန်ညှိရေးဆွဲထားကြောင်း၊ ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် (SDGs) များနှင့် ချိတ်ဆက်ထားသောကြောင့် လူငယ်နှင့်အရွယ်ရောက်သူများ၏ နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာ အရည်အသွေးများ စဉ်ဆက်မပြတ် တိုးတက်စေမည်ဖြစ်ကြောင်း၊ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များရရှိပြီး လူမှုကာကွယ်စောင့်ရှောက်ရေး တိုးတက်ရရှိမှာဖြစ်ကြောင်း၊ လုပ်ငန်းခွင်အခြေခံစည်းမျဉ်းများနှင့် အခွင့်အရေးများ လိုက်နာ




Decent Work Country Program လက်မှတ်ရေးထိုးပွဲ အခမ်းအနား အကြောင်း မြန်မာ့အလင်း အသင်းစာ၏ ဖော်ပြချက်

## ၄၄(ဃ) ၏ အကာအကွယ်ကို အလွဲသုံး၍ ရနိုင်သလား

ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်း တရုတ်လူမျိုးပိုင် အထည်ချုပ်စက်ရုံတွင် ဩဂုတ်လ ၂၁ ရက်နေ့မှ စတင်ဖြစ်ပွားခဲ့သည့် အလုပ်သမား ပိတ်ဆို့ဆန္ဒပြပွဲအကြောင်းသည် အထည်ချုပ်လုပ်ငန်းကဏ္ဍအတွင်း ပြောဆိုမှုအများဆုံး သတင်းတစ်ခု ဖြစ်ခဲ့သည်။ စက်ရုံ၏ အခြေခံအလုပ်သမားအဖွဲ့အစည်း အဖွဲ့ဝင်အများစုပါဝင်သော အလုပ်သမား ၃၀ ဦးကို အလုပ်မှ ထုတ်ပယ်ခဲ့ခြင်းကြောင့် ဖြစ်ခဲ့သော ယင်းဆန္ဒပြပွဲတွင် အလုပ်သမား ၁၀၀ ကျော်က စက်ရုံအဝင်ပေါက်များကို ပိတ်ဆို့ ဆန္ဒပြကြသဖြင့် ကျန် အလုပ်သမား ၉၀၀ ကျော် အလုပ်ဆက်လုပ်ခွင့်မရဘဲ ဖြစ်ခဲ့ရသည်။

ဆန္ဒပြအလုပ်သမားများက အလုပ်ရှင်သည် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေ ပုဒ်မ - ၄၄(ဃ) ကို ကျူးလွန်သည်ဟု စွပ်စွဲကြသည်။ အလုပ်ရှင်ကမူ စက်ရုံ၏ ကုန်ထုတ်လုပ်မှု ကျဆင်းခြင်းကြောင့် ဆက်လက် ရပ်တည်

နိုင်ရန် လုပ်ငန်းခွင်စည်းကမ်းမလိုက်နာသည့် အလုပ်သမားများကို ရွေးချယ်၍ ဥပဒေနှင့် အညီ လုပ်သားဦးရေ လျှော့ချခြင်းသာ ဖြစ်ကြောင်း ခုခံပြောဆိုသည်။

အလားတူအငြင်းပွားမှုမျိုးမှာ အထည်ချုပ်လုပ်ငန်းကဏ္ဍအတွင်း ဖြစ်ပွားလေ့ရှိသော အငြင်းပွားမှုဖြစ်သည်။ ထို့ကြောင့် -

> "မည်သည့်အလုပ်ရှင်မျှ ဤဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်းတစ်ရပ်၏ လှုပ်ရှားမှုများကို ဆောင်ရွက်ရန် အလုပ်သမား အဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း သို့မဟုတ် သပိတ်မှောက်ရာတွင် ပါဝင်ဆောင်ရွက်ခြင်းကြောင့် အလုပ်သမားတစ်ဦးအား အလုပ်မှ ထုတ်ပစ်ခြင်း မပြုရ။"

ဟု ပြဋ္ဌာန်းထားသည့် ၂၀၁၁ ခုနှစ်၊ အလုပ်သမား အဖွဲ့အစည်း ဥပဒေ ပုဒ်မ - ၄၄(ဃ) ၏ အကာအကွယ်ကိုယူ၍ လုပ်ငန်းခွင် စည်းကမ်း ချိုးဖောက်မှုများ ရှိနေသလား ဟူသော မေးခွန်းမှာ မေးစရာဖြစ်လာသည်။

အလုပ်ထုတ်ခြင်းနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်တိုင်း အလုပ်အထုတ်ခံရသည့် အလုပ်သမားသည် အလုပ်သမား အဖွဲ့အစည်းဝင် ဖြစ်နေတတ်သည်။ အလုပ်သမားဘက်က ၎င်းသည် အလုပ်သမားအဖွဲ့အစည်းဝင် ဖြစ်သဖြင့် အလုပ်ထုတ်ခံရသည်ဟု တရားသေစွပ်စွဲလေ့ရှိပြီး အလုပ်ရှင်ဘက်က ၎င်းအလုပ်သမားသည် လုပ်ငန်းခွင်စည်းကမ်းချိုးဖောက်ခြင်းကြောင့်သာ အလုပ်အထုတ်ခံရခြင်းဖြစ်သည်ဟု ခုခံလေ့ရှိသည်။ ယုတ္တိဗေဒသဘောအရ စဉ်းစားဆင်ခြင်မည်ဆိုလျှင် -

- အလုပ်သမား၏ စွပ်စွဲချက်မှန်သည်ဆိုလျှင် အလုပ်ရှင်သည် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေ ပုဒ်မ - ၄၄(ဃ) ကို ကျူးလွန်ခြင်းဖြစ်သည်။ ထိုသို့ကျူးလွန်ခြင်းအတွက် "ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟု ယင်းဥပဒေ ပုဒ်မ - ၅၁ က ပြဋ္ဌာန်းသည်။
- အလုပ်ရှင်၏ ခုခံပြောဆိုမှု မှန်သည်ဆိုလျှင် အလုပ်သမားအဖွဲ့အစည်းဝင်ဖြစ်သော အလုပ်သမားသည် ၎င်း၏ လုပ်ငန်းခွင် စည်းကမ်းချိုးဖောက်မှုအတွက် ပုဒ်မ - ၄၄(ဃ) ၏ အကာအကွယ်ကို အလွဲသုံးခြင်း ဖြစ်သည် သို့မဟုတ် ပုဒ်မ - ၄၄(ဃ) ၏ အကာအကွယ်ကို အလွဲသုံး၍ လုပ်ငန်းခွင်စည်းကမ်းချိုးဖောက်ခြင်း ဖြစ်သည်။ ထိုသို့ အလွဲသုံးခြင်းအတွက် တားမြစ်ခြင်း နှင့် ပြစ်ဒဏ် ပြဋ္ဌာန်းချက် မရှိ။

မည်သို့ပင်ဆိုစေကာမူ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေ ပုဒ်မ - ၄၄(ဃ) ၏ အကာအကွယ်ကို အလွဲအသုံးချ၍ လုပ်ငန်းခွင်စည်းကမ်းချိုးဖောက်ခြင်း၊ မလိုလားအပ်သော ဆူပူအုံကြွမှုများဖြစ်စေရန် စည်းရုံးလှုံ့ဆော်ခြင်းများ ပြုလုပ်နိုင်သည့် အခြေအနေတစ်ရပ်ပေါ်ထွန်းနေသည်ကတော့ ငြင်း၍မရနိုင်သော အချက်ဖြစ်သည်။

တရားရုံးများကဲ့သို့ ကျင့်ထုံး ဥပဒေ၊ သက်သေခံဥပဒေများနှင့်အညီ နှစ်ဘက်သက်သေများကို စနစ်တကျ စစ်ဆေးဖော်ထုတ်ခြင်းမပြုနိုင်သည့် ခုံသမာဓိအဖွဲ့၊ ခုံအဖွဲ့တို့၏ အားနည်းချက်ကလည်း ယင်းအခြေအနေကို အသုံးချရန် ပို၍ လွယ်ကူစေသည်။

ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ပုံစံ အပိုဒ် - ၁၅(ခ) ပါ "အလုပ်မှ ရပ်စဲခြင်း၊ ထုတ်ပယ်ခြင်း" ပြဋ္ဌာန်းချက်များအတိုင်း ခိုင်လုံ တိကျစွာဆောင်ရွက်နိုင်ရန် မှတ်တမ်းမှတ်ရာများထားရှိခြင်း၊ သက်သေအထောက်အထားများ စုဆောင်းခြင်းနှင့် လိုအပ်သော အရေးယူဆောင်ရွက်မှုအားလုံးကို ဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြရန်လိုသည်။

ACTIVITY

## အထည်ချုပ်နည်းပညာ ဆရာဖြစ်သင်တန်းတက်ရောက်

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ အထည်ချုပ်သင်တန်းကျောင်းဖြစ်သော မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) မှ သင်တန်းနည်းပြ (၆) ဦးသည် ပညာဝန်ကြီးဌာနမှ သင်တန်းနည်းပြ (၁၅) ဦးနှင့်အတူ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းဝင်းအတွင်းရှိ ဒက္ခိဏကျောင်းဆောင် ပထမထပ်တွင် အထည်ချုပ်နည်းပညာ ဆရာဖြစ်သင်တန်း တက်ရောက်ကြလျှက်ရှိသည်။ အဆိုပါ ဆရာ

ဖြစ် သင်တန်းကိုလည်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ကပင် ပညာရေး ဝန်ကြီးဌာန နှင့် ပူးပေါင်း၍ ဖွင့်လှစ်ထားခြင်းဖြစ်သည်။

## UPCOMING

| Description | Date | Place |
|---|---|---|
| 1. HR Management Improvement In-Factory Training<br>HR Management Improvement Training for problem solving, with focus on "Reducing Turnover and Absenteeism The course is specially designed to improve social compliance standards, as well as problem solving skills and productivity in your factory. The On-site Factory Training will be individually scheduled between the participants and MCY trainer within a period of 3 weeks after the workshops. | Oct, 2018 | On-Site |
| 2. 2nd Myanmar Textile Summit 2018<br>MGMA and ECV International are organizing in collaboration 2nd Myanmar Textile Summit 2018. The summit will focus on the latest government policies and international trading policies on the textile and apparel industries in Myanmar, sourcing practice and trends of international brands, the main challenges for FDI and so on. | 12-13 Nov 2018 | Sedona Hotel |
| 3. 7th Myanmar International Textile & Garment Industry Exhibition (MTG)<br>www.myanmar-expo.com/MTG<br>Yangon Convention Center (YCC) in Inya Lake Hotel Compound | 6-9 Dec 2018 | YCC Inya Lake Hotel |
| 4. Factory Award Dinner (2018)<br>Myanmar Garment Manufacturers Association | 8 Dec 2018 (TBC) | |

## NEW MEMBERS IN SEPTEMBER 2018

| Number of New Factories in September 2018 | | 4 |
|---|---|---|
| **Country** | **No. of Factories** | **No. of Workers** |
| Chinese | 3 | 1700 |
| Korea | 1 | 1600 |
| **TOTAL** | 4 | 3300 |

## MEMBERSHIP UPDATE AS OF 2018-09-30

| Status | Country | No. of Factories | No. of Workers |
|---|---|---|---|
| Active | Myanmar | 109 | 73341 |
| | Chinese | 202 | 187373 |
| | Korea | 58 | 56951 |
| | Japan | 19 | 54462 |
| | Others | 132 | 68445 |
| Inactive | All | 72 | 0 |
| TOTAL | | 592 | 440572 |